# ရင်သားအကျိတ်နာအကြောင်းသိကောင်းစရာ

ဒေါ်နေနေနိုင်ရည်
လက်ထောက်ညွှန်ကြားရေးမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန

**မေး** - ဆရာမ မင်္ဂလာပါ။

**ဖြေ** - မင်္ဂလာပါ။

**မေး** - ဆရာမရှင်။ ဒီတစ်ပတ် သောတရှင်သို့ ပြန်ကြားလွှာ အစီအစဉ်ကနေပြီး မွန်ပြည်နယ် ရေးမြို့နယ်မှ ဒေါ်စိုးစိုးစံမေးထားတဲ့ ရင်သားအကျိတ်အနာပေါက် ရောဂါ ဖြစ်ပေါ်လာရင် ဘယ်လိုကာကွယ် ကုသရမယ်ဆိုတဲ့အကြောင်းကို ပြန်လည်ဖြေကြားပေးစေလိုပါတယ်ရှင်။

**ဖြေ** - မွန်ပြည်နယ် ရေးမြို့နယ်မှ ဒေါ်စိုးစိုးစံမေးထားသော ရင်သားအကျိတ်အနာပေါက် ရောဂါ ဖြစ်ပေါ်လာရင် ဘယ်လိုကာကွယ် ကုသရမယ်ဆိုတဲ့အကြောင်းကို ပြန်လည်ဖြေကြားပါ့မယ် ကွယ်။ ရင်သားအကျိတ်နာရဲ့ ရောဂါအမည် ကတော့ မြန်မာဝေါဟာရ အနေဖြင့် ရင်သား အကျိတ်နာ၊ ပါဠိဝေါဟာရကတော့ ထနအဗ္ဗုဒ၊ အနောက်တိုင်းဆေးပညာဝေါဟာရကတော့ Breast Tumour လို့ခေါ်ပါတယ်။ ရင်သားအကျိတ်နာရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ကတော့ ရင်သား အကျိတ်နာဆိုသည်မှာ အမျိုးသား/ အမျိုးသမီးတို့၏ ရင်သားဖြစ်တဲ့ နို့အုံတစ်နေရာရာမှာ ပုံမှန်မဟုတ်တဲ့ နာကျင်ကိုက်ခဲမှုများနဲ့အတူ ရောင်ရမ်းခြင်း၊ ပြည်တည်နာဖြစ်ခြင်း၊ မှို့ပွင့်ပုံ သဏ္ဌာန်အနာပွင့်ခြင်းများ အပါအဝင် ပုံမှန်မဟုတ်တဲ့ အလုံး၊ အဖု၊ အကျိတ်၊ အခဲဖြစ်ပေါ်လာခြင်း ဖြစ်ပါ တယ်ကွယ်။

**မေး** - ဆရာမ ဒါဆိုရင် ရောဂါဖြစ်စေတဲ့အကြောင်းအရင်းတွေကို ပြောပြပေးပါအုံးရှင်။

**ဖြေ** - ရောဂါဖြစ်ရတဲ့ အကြောင်းတွေကတော့ နို့ချောင်းပိတ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ တင်းကျပ်သောအတွင်းခံအင်္ကျီ အဝတ်များ ခြင်း၊ သွေးသားဖောက်ပြန်ခြင်းစသည့်တို့ကြောင့် ကံ - စိတ် - ဥတု - အာဟာရ သမုဋ္ဌာန်အကြောင်းများ လွဲမှားမှုဖြစ်ပြီး ဓာတ်ကြီး ၅ ပါးဖောက်ပြန် ပျက်စီးကာ အသွေးအသားတို့ကို ဖျက်ဆီးပြီး ရင်သားတွင် အနာ ရောဂါ ဖြစ်ပွားလာရခြင်းဖြစ်ပါတယ်ကွယ်။ ဒါ့အပြင် နို့တိုက်သည့်ကာလအတွင်း တစ်ကိုယ်ရေသန့်ရှင်းမှုနည်းခြင်း၊ နို့သီးခေါင်းအားသွားနှင့် ဖိကြိတ်ခံရခြင်း၊ အပျိုဖော်ဝင်စ ဟော်မုန်းပြောင်းလဲမှု မီးယပ်သွေးနှင့်ဆက်စပ်မှုအရ ဖြစ်ပွားသော နို့အုံရောင် နာများနှင့် ရင်သားကင်ဆာ ဖြစ်ခြင်းများကို တွေ့ရတတ်ပါတယ်။

**မေး** - ရင်သားအကျိတ်အဖုရောဂါမှာ တွေ့ရတဲ့ ရောဂါလက္ခဏာတွေကိုလည်း ပြောပြပေးပါအုံးရှင်။

**ဖြေ** - ရောဂါလက္ခဏာများ အနေနဲ့ နို့အုံရောင်ခြင်းလက္ခဏာရတ်တရက်ဖြစ်ပွားလာကာ နို့သီးခေါင်းအရေပြားပတ်ဝန်းကျင် ကွဲအက်ခြင်းရောင်ခြင်း၊ ပူခြင်း၊ နီခြင်း၊ နာကျင်ခြင်းနှင့် နာတာရှည်နို့အုံရောင်ခြင်းလက္ခဏာ အနေနဲ့ အလုံးအကျိတ်တွေ့ခြင်း၊ လှုပ်ရှားကရွေ့ခြင်း၊ နို့သီးခေါင်းအတွင်းမဝင်ခြင်း၊ မီးယပ်လာစဉ်နာကျင်တတ်ခြင်း၊ ချိုင်းအတွင်းရှိ ပြန်ရည်ဂလင်းအကျိတ်ကြီးထွားမှုမရှိခြင်း၊ ပြည်မတည်ခြင်း လက္ခဏာများကို တွေ့ရှိရပါတယ်။ ရင်သားကင်ဆာလက္ခဏာတွေကတော့ မာခဲသောအလုံး အကျိတ်တွေ့ခြင်း၊ နို့သီးခေါင်း

အတွင်းသို့ဝင်ခြင်း၊ နို့သီးခေါင်းမှ သွေးရည်ကြည်ထွက်ခြင်း၊ အလုံး အကျိတ် ဧရိယာ တစ်ဖြည်းဖြည်း ကျယ်ပြန့်ခြင်း၊ ချိုင်းအတွင်းရှိ ပြန်ရည်ဂလင်း ကြီးထွားခြင်းမှိုပွင့်ပုံစံအနာ၀ လက္ခဏာများ ပွင့်ထွက်ခြင်းတို့ကို တွေ့ရှိရပါတယ်။

**မေး** - တိုင်းရင်းဆေးပညာနဲ့ ဘယ်လိုကုသရလဲဆိုတာကိုလည်း ပြောပြပေးပါအုံးရှင်။

**ဖြေ** - ရင်သားအကျိတ်ကုထုံး အနေနဲ့ သောက်ဆေး လိမ်းဆေးပေးခြင်း၊ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၆) ဟလိဒ္ဒစုဏ္ဏုင်နီးဆေး ၂ ပဲသား + တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၇) သွေးဆေးနီ ၂ ပဲသား တစ်နေ့ (၃) ကြိမ် (၄) ကြိမ် ရေနွေးနှင့်တိုက်ပါ။ ၀မ်းချုပ်ပါက ညအိပ်ရာဝင် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁၂) စက္ခုပါလဆေး ၄ ပဲသားကို ရေအေးနှင်တိုက်ပါ။ လိမ်းဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၂၉) သဗ္ဗဖေယျ နှင့် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၄၃) အကင်းဆယ်ပါးဆေး (၁:၂) ရောစပ်ပြီး ရေအေးနှင့် ဖျော်ကာလိမ်းပါ။ ဂမုန်းတိမ်ပြာဥသွေးလိမ်းပါ။ အချိန်တိုအတွင်း ရုတ်တရက် ဖြစ်ပွားလာသော နို့အကျိတ်များတွင် ရေနွေးတစ်လှည့်၊ ရေအေးတစ်လှည့် ရေ၀တ်အုပ်ခြင်းများ ပြုလုပ်ပေးပါ။ အကျိတ်ကြေစေပါတယ်။ လိမ်းထားသောလိမ်းဆေး များကိုရေနွေးနဲ့ နေ့စဉ်ဖန်ဆေးပေးပါ။ ပြည်ပေါက်သွားသော အကျိတ်များရဲ့ အနာ၀ဘေးများကို ဖန်ရည်ဆေးပေးပါ။

**မေး** - ရင်သားအကျိတ်နာနဲ့ ပတ်သက်လို့ ရှောင်ရန်၊ ဆောင်ရန်တွေကိုလည်း ပြောပြပေးပါအုံး ဆရာမ။

**ဖြေ** - လိုက်နာဆောင်ရွက်ရန်ကတော့ အေးခါးငန်ချဉ်အရသာရှိတဲ့ ဆေး၀ါးများ အစားအစာများကို စား ပေးပါ။ ရင်သားကို မထိခိုက် စေသော အ၀တ်ပွများကို ၀တ်ပါ။ လေကောင်းလေသန့် ရှူပါ။ ရှောင်ကြဉ်ရန်ကတော့ ပူခါးစပ်အရသာရှိတဲ့ ဆေး၀ါးများကို ရှောင်ပါ။ နေ့စဉ်သန့်ရှင်းအောင် ဆောင်ရွက်ပါ။ ညင်သာစွာဖိနှိပ်ပြီး နို့ရည်များကိုညှစ်ထုတ်ပါ။ တင်းကျပ်သော အတွင်းခံအင်္ကျီ၀တ်ခြင်းများကို ရှောင်ပါ။ ပက်လက်လှန်အိပ်ခြင်းကိုရှောင်ပါ။ မကောင်းသော အနံ့အသက်များကိုရှောင်ပါ။ အညှော်များကိုလည်းရှောင်ပါ။

**မေး** - ရင်သားအကျိတ်နာဖြစ်ပြီဆိုရင် ရောဂါရဲ့ ရှေ့ဆက်ဖြစ်မဲ့ သတိထားစရာတွေကိုလည်း ပြောပြပေးပါအုံးရှင်။

**ဖြေ** - ရောဂါ၏အလားအလာအနေနဲ့ ရင်သားအကျိတ်နာမှ အခြားရင်သားတစ်ဖက်သို့ ရောဂါကူးစက်မှုရှိခြင်းနဲ့ မြစ်ပွားနာကင်ဆာ အထိ ဖြစ်ပွားနိုင်ပါတယ်။ အခြားသင့်တော်ရာ ဆေးရုံသို့ ညွှန်းပို့ကုသစေခြင်း အခြေအနေကတော့ အခြားရင်သားတစ်ဖက်သို့ ရောဂါကူးစက်မှုရှိခြင်း၊ အသားစစ်ဆေးခြင်း( Tissue Biospy ) အရကင်ဆာအဖြေထွက်ခြင်း၊ ခွဲထုတ်ဖယ်ရှားရမဲ့ အကျိတ်များကို အခြားသင့်တော်ရာဆေးရုံ သို့ ညွှန်းပို့ကုသစေရပါမယ်။

အခုလို သောတရှင်သို့ ပြန်ကြားလွှာအစီအစဉ်ကနေပြီး ပြန်လည်ဖြေကြားပေးတဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး၊ ဖွံ့ဖြိုးရေးဌာနစိတ်မှ ဆရာမ ဒေါ်နေနေနိုင်ရည်ကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။